# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. ___Volume 18/ Issue 6 / June / 2026*

## HAPPY FATHER'S DAY



***"The Lord bless you and keep you;***
***The Lord make his face shine on you and be gracious to you;***
***The Lord turn his face toward you and give you peace."***
***Numbers 6:24-26***

*ထာဝရဘုရားသည်၊ သင့်ကို ကောင်းကြီးပေး၍ စောင့်မတော်မူပါစေသော။*
*ထာဝရဘုရားသည် သင်၌မျက်နှာတော်အလင်းကိုလွှတ်၍ ကရုဏာကျေးဇူးပြုတော်မူပါစေသော။*
*ထာဝရဘုရားသည် သင့်ကိုမြော် ကြည့်၍ ချမ်းသာပေးတော်မူပါစေသော။*
တောလည်ရာကျမ်း၊ ၆း၂၄–၂၆၊

### JUNE 2026

| Sunday | Monday | Tuesday | Wednesday | Thursday | Friday | Saturday |
|---|---|---|---|---|---|---|
| | 1 | 2 | 3 | 4 | 5 | 6 |
| 7 | 8 | 9 | 10 | 11 | 12 | 13 |
| 14 | 15 | 16 | 17 | 18 | 19 | 20 |
| 21 | 22 | 23 | 24 | 25 | 26 | 27 |
| 28 | 29 | 30 | | | | |

## ***2026 June, Sunday Worship Programs***

***June 7, 2026 … Holy Communion Worship Service***

***June 14, 2026 … Children's Day Worship Service***

***June 21, 2026 … Father's Day Worship Service***

***June 28, 2026 … Regular Sunday Worship Service***

---

*Worship Place*
*Burmese Christian Fellowship*
*1337 Farmstead Ave.*
*La Puente, CA 91745*

*Worship Service*
*Sunday Worship (Sunday) 2:00 PM*
*Sunday school (Sunday) 2:15 PM*

*Bible Study …. Sunday 1:00-2:00 PM*
*Youth Bible Study … Every Last Saturday of the month.*
*Prayer Meeting …. Every Saturday, 2:00 PM*

# Happy Children’s Day

**June 14, 2026**



*Matthew 19:14 ..*

*Jesus said, “Let the little children come to me, and do not hinder them, for the kingdom of heaven belongs to such as these.”*

*Psalms 127:3,4,5.. children are an heritage of the LORD: and the fruit of the womb is his reward. As arrows are in the hand of a mighty man; so are children of the youth. Happy is the man that hath his quiver full of them: they shall not be ashamed, but they shall speak with the enemies in the gate.*

ရှင်မဿဲ၊ ၁၉း၁၄–၁၅။

“ယေရှုကလည်း၊ ထိုသူငယ်တို့ကို ရှိစေတော့။ ငါ့ထံသို့လာသည်ကို မဆီးတားကြနှင့်။ ကောင်းကင်နိုင်ငံတော်သည် ထိုသို့သောသူတို့၏နိုင်ငံဖြစ်သည် ဟု မိန့်တော်မူ၍၊ သူငယ်တို့ အပေါ်မှာ လက်တော်ကို တင်ပြီးလျှင်၊ ထိုအရပ်မှကြွသွားတော်မူ၏။”

ဆာလံကျမ်း၊ ၁၂၇း၃၊၄၊၅။

ဘွားမြင်သော သားသမီးတို့သည် ထာဝရဘုရားဆုချ၍ ပေးသနားတော်မူသော အမွေဥစ္စာဖြစ်ကြ၏။ အသက်ပျိုစဉ်၊ ဖွားမြင်သော သားသမီးတို့သည် သူရဲလက်၌ ရှိသော မြှားကဲ့သို့ဖြစ်ကြ၏။ မိမိမြှားတောင့်ကို သူတို့ နှင့် ပြည့်စေသောသူသည် မင်္ဂလာရှိ၏။ သူတို့သည် ရှက်ကြောက်ခြင်းမရှိ။ ရန်သူတို့ကို တံခါးဝ၌ ဆီးတားကြလိမ့်မည်။

# ~ ပုံသက်သေ ~

ဖြောင့်မတ်သောသူသည် မိမိဖြောင့်မတ်ခြင်းလမ်းသို့လိုက်၍၊
သူ၏သားစဉ် မြေးဆက်တို့သည် မင်္ဂလာရှိကြ၏။
သုတ္တံကျမ်း၊၂၀း၇။

‘အဗ္ဗ၊အဘ’ ဟုခေါ်ခွင့်ရသော၊ ကောင်းကင်ဘုံ၌ရှိတော်မူသော ကျွန်ုပ်တို့၏အဖဘုရားသခင်သည်

- ❖ သနားတတ်သောသဘော၊
- ❖ ကျေးဇူးပြုတတ်သောသဘော၊
- ❖ စိတ်ရှည်၍ကရုဏာကြွယ်ဝသောသဘောရှိတော်မူသည်။ .. (ဆာလံကျမ်း၊၁၀၃း၈)

အဖဘုရားသခင်၏စကားတော်ကို နားထောင်သောသူတို့အဖို့ ဆုလာဒ်များမှာ၊–

- ⁎ မြေကြီးပေါ်တွင် ကောင်းကင်အမြင့်ရှိသည့်အတိုင်း ထာဝရဘုရားကိုကြောက်ရွံ့သောသူတို့၌ ဂရုဏာတော်သည်အားကြီးပေ၏။ ..
- ⁎ အဘသည် သားတို့ကို သနားစုံမက်သည်နည်းတူ၊ ထာဝရဘုရားသည် ကြောက်ရွံ့သောသူတို့ကို  သနားစုံမက်တော်မူ၏။ ..
- ⁎ ထာဝရဘုရား၏ကရုဏာတော်မူကား၊ ကြောက်ရွံသောသူတို့အပေါ်သို့ ကာလအစဉ်အဆက်သက်ရောက်တက်၏။ ..
- ⁎ သစ္စာတော်ကိုစောင့်၍ ပညတ်တော်တို့ကိုကျင့်ခြင်းငှာ၊ သတိပြုသောသူတို့၏သားစဉ်မြေးအဆက်ဆက်တို့သည် ကုသလတရားတော်နှင့်ဆိုင်ရကြ၏။ .. (ဆာလံ၊၁၀၃း၁၁၊၁၃၊၁၇၊၁၈။)

ယုံကြည်သူခရစ်ယာန်ဖခင်တစ်ဦးသည် သမ္မာတရားလမ်းညွှန်မှုအတိုင်း ဘုရားကိုချစ်၍ ကိုးစားနားထောင်သူဖြစ်ရမည်။

ကျင့်ဆောင်သင့်သောအရာတို့ကိုသမ္မာကျမ်းစာမှာဖေါ်ပြထား၏။

ရောမဩဝါဒစာ ၁၂း၂ တွင်ပါရှိသော ..

- ● အသက်ရှင်ခြင်းလက္ခဏာ၊
- ● သန့်ရှင်းခြင်းလက္ခဏာ၊
- ● ဘုရားသခင်နှစ်သက်တော်မူဘွယ်သောလက္ခဏာ .. တို့နှင့် ပြီးပြည့်စုံသောသူ အဖြစ်စံနမူနာနှင့် ပုံသက်သေကို ပြရမည်။

ထိုသို့သောဖခင်တို့၏မေတ္တာ၊ စေတနာနှင့် အကြင်နာသည် ဘယ်သောခါမျှယုတ်လျော့မသွားခဲ့ပေ။ မိမိသားသမီးများတို့ကို ကြည့်ရှုစောင့်ရှောက်၍၊ လိုအင်ဆန္ဒများကို ထောက်ပံ့ဖြည့်စွမ်းပေးခြင်း အားဖြင့် ပြည့်ဝစုံလင်သော ကောင်းကင်ဘုံရှင်အဘ၏ပုံသက်သေကို ဖွင့်ဟဖေါ်ပြ၍သက်သေပြနေ၏။

အထက်၌ဖေါ်ပြထားသည့် သမ္မာကျမ်းချက်အတိုင်း .. မိမိ၏သားစဉ်၊မြေးအဆက်ဆက်တို့သည် မင်္ဂလာအပေါင်းနှင့်ပြည့်စုံ၍၊ ထာဝရဘုရားကိုကြောက်ရွံ့ခြင်းကျေးဇူးကြောင့် ‘စည်းစိမ်၊ ဂုဏ်အသရေ နှင့် အသက်’ ကို ရရှိမည်။ ... အာမင်။

# အလိုတော်နှင့်ညီသော .. ဖခင်

[ ဖခင်များကိုဂုဏ်ပြုပါ၏။ ]

ယုံကြည်သူ ခရစ်ယာန်အိမ်ထောင်မိသားစု အသီးသီးကို ကြည့်လျှင် အိမ်ထောင်တစ်ခုတွင် မိခင်၊ ဖခင်များ ရှိကြသလို သူတို့အသီးသီး၌ ဖန်ဆင်းရှင် အဘဘုရားသခင်သည် မိမိအလိုရှိသည်အတိုင်း ပေးထားသော စွမ်းရည်သတ္တိ အသီးသီး ရှိကြပါသည်။

ဖခင်များတို့သည်လည်း မိမိတို့၌ ဘုရားသခင် ဘိသိက်ပေး၍ ခန့်အပ်ထားသည့် ဖခင်၏ အရိုက်အရာ ဖြစ်သော ဆုကျေးဇူးများနှင့်အညီ ဇနီးနှင့်သားသမီးတို့ အပေါ်ဝယ်၊ အလိုတော်နှင့် အညီ ကြည့်ရှုပြုစု မေတ္တာပြလျက် ဦးဆောင်သင့်ပေသည်။

ရံဖန်ရံခါ၊ ဖခင်များသည် မိမိတို့၏သားသမီးများကို ပညာသင်ကြားပေး၊ ဥစ္စာပစ္စည်းများ ဖြည့်ဆည်းပေး၊ လိုချင်သမျှကို ပံ့ပိုးပေးလျှင်၊ ဖခင်ဝတ်ကျေပြီဟု ထင်တက်ကြသည်။ ထိုသို့မဟုတ်ပါ။ ဖခင်များသည် သားသမီးများအား ဘုရားသခင်နှင့်နှုတ်ကပါတ်တော် သိကျွမ်းခြင်း အသက်တာ၌ အသက်ရှင်ဖို့ရန် စိုက်ပျိုး တည်ဆောက် ပေးကြရမည်။ ဖခင်များသည် သားသမီးများကို မေတ္တာပေးဖို့၊ ဂရုဏာပြဖို့ အပြင်၊ သူတို့၏ စိတ်ဓါတ်ရေးရာ မြှင့်တင်ဖို့၊ အကျင့်စာရိတ္တ မြင့်မားဖို့၊ ဆုံးမသွန်သင် လမ်းညွှန်ပြရန် အထူးလိုအပ်ပါသည်။ ထိုသို့ပြုနိုင်ဖို့ရန် မိမိတို့ သားသမီးများနှင့် အချိန်ပေး၍ တာဝန်ကျေရမည်။

အချို့သောဖခင်များက မိမိတို့၏သားသမီးများကို အချိန်မပေးကြ၊ မိုးလင်းမှသည်မိုးချုပ်သည်အထိ အလုပ်နှင့်စားဝတ်နေရေးအတွက်သာ အချိန်ကုန်နေကြ၏။ အချို့သောဖခင်များသည်လည်း စီးပွါးရေးအတွက်ဟုဆိုကာ လပေါင်းများစွာ ခရီးထွက်ကြရသဖြင့် မိမိတို့သားသမီးများကို အချိန်မပေးနိုင်ကြပါ။

**၁တိ ၅း၈တွင် "မိမိလူတို့ကိုမပြုစု၊ ထိုမျှမက မိမိအိမ်သူအိမ်သားများကို မပြုစုသောသူသည် ယုံကြည်ခြင်းတရားကို ငြင်းပယ်၏။ မယုံကြည်ဘူးသော သူထက် သာ၍ ယုတ်မာ၏။"** ဟု သတိပေးစကားကို ဆင်ခြင်လျက်၊ ဖခင်များသည် မိမိမိသားစု လိုအပ်ချက်အတွက် အလုပ်လုပ်ပြီး မိသားစုကို ပံ့ပိုးရုံမျှမက ဇနီးနှင့်သားသမီးများကိုလည်း အချိန်ပေးပြီး၊ ဘုရားရှင်ကို ကြောက်ရွံ့၍၊ ရိုသေလေးမြတ်ခြင်း ရှိသော ပုဂ္ဂိုလ်ဖြစ်ရမည်။

ခရစ်ယာန်အိမ်ထောင်များတွင် ဖခင်များတို့သည် ဘုရားရှင်ထံ မိသားစုကိုယ်စားဝင်၍ ဆုတောင်းခံပေးသူ၊ ဝန်ချတောင်းပန်ပေးသူ၊ အထူးသဖြင့် မိမိအိမ်ထောင်မိသားစုနဲ့သားသမီးများ အပေါ် ဘုရားသခင်၏ နာမတော်အားဖြင့် ကောင်းကြီးပေးနိုင်စွမ်းရှိသူ ဖြစ်ရမည်။ သမ္မာတရားအတိုင်းသွန်သင်ဆုံးဖြတ်ပေးနိုင်သူ။ ဝိညာဉ်၊ကာယ၊ညာဏ၊မိတ္တ၊ ဘက်စုံဖွံ့ဖြိုးရန်ထောက်မလမ်းပြသူ။ ထို့ပြင်၊ အိမ်ထောင်တွင် အာဏာရှင်တစ်ဦးကဲ့သို့ ငါပြောသလိုလုပ် မဖြစ်စေရန် သတိပြုပါ။ သစ္စာ သမာဓိဖြင့် အေးချမ်းပျော်ရွှင်၊ ငြိမ်ဝပ်လုံခြုံ၊ ကြွယ်ဝအောင်မြင်ရအောင် ဦးဆောင်နိုင်သူဖြစ်ပါ။

ထိုသို့သောဖခင်များသည် ဘုရားအလိုတော်နှင့်အညီ အိမ်ထောင်သာယာ၍ မင်္ဂလာရှိကြောင်းကို ဖခင်များနေ့အတွက် မေတ္တာနှင့် ဂုဏ်ယူဝါကြွားလိုက်ပါသည်။ ။

# အပြစ်သားတစ်ယောက်၏ ဆုတောင်းသံ





ကောင်းကင်ဘုံ၌ရှိတော်မူသော
အကျွန်ုပ်တို့၏အဖ ထာဝရဘုရားသခင် ...

အကျွန်ုပ်သည် အပြစ်သားတစ်ယောက် ဖြစ်ကြောင်းကို သိရှိဝန်ခံပါ၏။
ကိုယ်တော်ရှင်၏မျက်မှောက်တော်၌ နှစ်သက်စရာဖြစ်စေဖို့
အကျွန်ုပ်၏အစွမ်းအစဖြင့် မည်သို့မျှမစွမ်းဆောင်နိုင်ကြောင်းကို အကျွန်ုပ်သိပါ၏။

ကိုယ်တော်သည် အကျွန်ုပ်ကိုချစ်၍၊ အကျွန်ုပ်၏ပြစ်ကြွေးများတို့ကို ကင်းစင်စေဖို့
တပါးတည်းသောသားတော်ကို ကားတိုင်ပေါ်အသွေးတော်သွန်း၍ ပြစ်ကြွေးဆပ်
ရန်အတွက် စေလွှတ်ခဲ့ကြောင်းကို အကျွန်ုပ်သည် သံသယမရှိ အကြွင်းမဲ့ယုံပါ၏။

အဖဘုရားသခင်ကို ယုံကြည်ကိုးစားလျက် အကျွန်ုပ်ကို အပြစ်မှကယ်လွှတ်ရန်
ကယ်တင်ရှင်သခင် ယေရှုခရစ်တော်ထံ အပြည့်အဝ စိတ်ချစွာ အပ်နှံပါ၏။

အကျွန်ုပ်၏အပြစ်ဒုစရိုက်များမှ နောင်တရသောစိတ်နှင့် လှည့်ပြန်လိုလှပါ၏။
အကျွန်ုပ်၏အသက်တာကို ကိုယ်တော်ရှင် ထိန်းချုပ်တော်မူပါ။

အကျွန်ုပ်၏ စိတ်နှလုံးကို ဖြူစင်သန့်ရှင်းစေတော်မူပါ။
အကျွန်ုပ်ကို လူသစ်၊ စိတ်သစ်နှင့် ဘဝသစ်သို့ ပြုပြင်ပြောင်းလဲတော်မူပါ။

ကိုယ်တော်ရှင်၏ ဂုဏ်ကျေးဇူးတော်အပေါင်းတို့ကို ချီးမွမ်းလျက်
ရိုကျိုးနှိမ့်ချစွာဖြင့် အသနားခံ တောင်းလျှောက်ပါသည်။

အကျွန်ုပ်၏ဆုတောင်းသံကို နားညောင်းတော်မူပါ။
ကောင်းကင်ဘုံရှင်အဖ ထာဝရဘုရား။ ... ... အာမင်။




နို့စို့ကလေးက မိခင်ရင်ခွင်မှာ အပူကင်းမဲ့စွာအိပ်ပျော်နေတဲ့ မြင်ကွင်း ဆိုတာ ကြည့်လို့ အကောင်းဆုံး မြင်ကွင်းတစ်ခု ဖြစ်ပါတယ်။ မိုးရွာရွာ၊ နေပူပူ၊ လေပြင်းတိုက်လည်း ကလေးဆိုတာ ဘာမှမခံစားဘဲ မိခင်ရဲ့ရင်ခွင်ထဲမှာ စိတ်ချလက်ချ နှစ်ခြိုက်စွာ အိပ်ပျော်ပါတယ်။

သမ္မာကျမ်းစာထဲက ရှင်မာကုခရစ်ဝင်ကျမ်း၊ အခန်းကြီး (၄) မှာ၊ မုန်တိုင်းရင်ဆိုင်နေရသော်လည်း သခင်ယေရှုက ငြိမ်သက်စွာ အိပ်စက်နေတဲ့အရာကို ပုံဖော်ပြီးမှ ပန်းချီဆွဲကြည့်မယ် ဆိုရင် အရမ်းလှပတဲ့ ပန်းချီကားချပ်တစ်ချပ် ဖြစ်လာမှာဖြစ်ပါတယ်။

ကြီးမားတဲ့မုန်တိုင်းနဲ့ ကြုံတွေ့ရသော်လည်း သခင်ယေရှုအိပ်စက်နေတဲ့အချိန်မှာ ဆိုရင် ငြိမ်သက်ခြင်းရှိပြီး၊ ပျော်ရွှင်ခြင်းလည်း ခံစားရပါတယ်။ ဒီအရာက ယုံကြည်ခြင်းအသက်တာကို ဖော်ပြပေးနေတဲ့ အကြောင်းအရာ ဖြစ်ပါတယ်။ "မုန်တိုင်းတိုက်ခတ် နေပေမဲ့လည်းဘဲ မုန်တိုင်းနဲ့ ကင်းလွတ်ခွင့်ရမယ်။ ဒီမုန်တိုင်းက ငါတို့ကို ဒုက္ခပေးလို့ မရဘူး။ ကမ်းတဖက်ကို ကူးဖို့ အမိန့်ချတာက သခင်ယေရှု ဖြစ်လို့ ငါတို့ အသက်ချမ်းသာခွင့် ရမှာဖြစ်တယ်"ဆိုပြီး၊ တပည့်တော်တွေက သခင်ယေရှုကို စိတ်ချယုံကြည်တာမဟုတ်ဘဲ ကြောက်ရွံ့တုန်လှုပ်နေတာကို တွေ့ရပါတယ်။

ယုံကြည်ခြင်းရှိတဲ့လူက မုန်တိုင်းပြဿနာ အခက်အခဲများရှိနေသော်လည်း ကြောက်ရွံ့ရမှာမဟုတ်ဘဲ သခင်ယေရှုကဲ့သို့ အိပ်စက်နားနေရမှာ ဖြစ်တယ်။ ကျွန်တော်တို့က ဘုရားသခင်ရှေ့သွားတဲ့အခါမှာလည်း ကြောက်ရွံ့စရာမလိုဘဲ၊ သခင်ယေရှုအသွေးတော်ကို အမှီပြုပြီးမှ အဆီးအတားမရှိ သွားလို့ရတယ်။ သားသမီးက အဖေ့ဆီကို လွတ်လွတ်လပ်လပ် သွားသလိုမျိုး ပါဘဲ။ နှုတ်ကပတ်တော်၊ အသွေးတော်ကို အမှီပြုပြီးမှ လွတ်လပ်ပျော်ရွှင်စွာ ဘုရားသခင်ဆီ သွားရမှာ ဖြစ်ပါတယ်။

ဒါဝိတ်က ဂေါလျတ်နဲ့ ရင်ဆိုင်တဲ့အခါမှာ ကြောက်ရွံ့တဲ့စိတ် လုံးဝမရှိတဲ့အရာကို တွေ့ရပါတယ်။ "ငါက ဘုရားသခင် ကတိတော်နဲ့ စပ်ဆိုင်တဲ့သူ ဖြစ်ပါတယ်။ သခင်ယေရှုက ငါ့အမျိုးအနွယ်ကနေ ဆင်းတက်လာမှာ ဖြစ်တယ်။ ဒါကြောင့်၊ ငါက ဂေါလျတ်ကို နိုင်ကိုနိုင်မှာ ဖြစ်တယ်။" ဒါဝိတ်ရဲ့စိတ်က ဇဝေဇဝါဖြစ်တာ မဟုတ်ဘဲ တိကျသေချာတာကို တွေ့ရပါတယ်။

ကျနော့်ရဲ့ ညီအစ်ကို မောင်နှမတွေလည်း ဒီလိုစိတ်သဘောမျိုးကို သင်ယူပြီး၊ ဧဝံဂေလိတရား သတင်းကောင်းအတွက် ရဲရင့်တိကျတဲ့စိတ်နဲ့ ဟောပြောသက်သေခံမယ် ဆိုရင် ဘုရားသခင်ထံတော်မှ များစွာသောကောင်းကြီး မင်္ဂလာကို လက်ခံရရှိမှာဖြစ်ပါတယ်။ … အာမင်။

**ထာဝရဘုရားသည် ငါ၏ကျောက်၊ ငါ၏မြို့ရိုး၊ ငါ့ကိုကယ်လွှတ်သောသခင်၊**
**ငါ၏ဘုရား၊ငါကိုးစားသောအစွမ်းသတ္တိ၊ ငါ၏အကွယ်အကာ၊ ငါ့ကိုကယ်တင်သောဦးချို၊**
**ငါ၏ရဲတိုက် ဖြစ်တော်မူ၏။**

# ထာဝရဘုရား၏တရားတော်စောင့်ခြင်းအကျိုးကျေးဇူး

**ဆာလံကျမ်း၊ ၁၁၉း၁၊၇၂၊၁၀၅ ။ ၁၉း၇–၁၁ ။**

- ထာဝရဘုရား၏တရားလမ်း၌ မလွဲမတိမ်းလိုက်သွားသော သူတို့သည် မင်္ဂလာရှိကြ၏။
- ထာဝရဘုရား၏နှုတ်ကပတ်တော်သည် … အကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်၍ အကျွန်ုပ်လမ်းခရီးကို လင်းစေပါ၏။
- နှုတ်တော်ထွက် တရားတော်သည် … ရွှေငွေအထောင်၊အသောင်း ထက်မက၊ အကျွန်ုပ်၌သာ၍ကောင်းပါ၏။
- ထာဝရဘုရား၏တရားတော်သည် … စုံလင်သည်ဖြစ်၍ စိတ်ဝိညာဉ်ကို ပြုပြင်တတ်၏။
- ထာဝရဘုရား၏သက်သေခံတော်မူချက်သည် … ဟုတ်မှန်သည်ဖြစ်၍ မလိမ္မာသောသူတို့ကို လိမ္မာစေတတ်၏။
- ထာဝရဘုရား၏နည်းဥပဒေသတို့သည် … ဖြောင့်မတ်သည်ဖြစ်၍ စိတ်နှလုံးကိုရွှင်လန်းစေတတ်၏။
- ထာဝရဘုရား၏ပညတ်တော်သည် … စင်ကြယ်သည်ဖြစ်၍ မျက်စိကိုရှင်းလင်းစေတတ်၏။
- ထာဝရဘုရားကိုကြောက်ရွံ့ခြင်းသဘောသည် … သန့်ရှင်းသည်ဖြစ်၍ ကာလအစဉ်အမြဲတည်၏။
- ထာဝရဘုရား၏စီရင်တော်မူချက်တို့သည် … သစ္စာတရားနှင့်ညီ၍ တညီတ ညွတ်တည်း ဖြောင့်မတ်ကြ၏။
- ရွှေထက်မက များစွာသောရွှေစင်ထက် နှစ်သက်ဖွယ် ဖြစ်၍ ပျားရည်ထက်မက ပျားလပို့ထက် ချိုကြ၏။
- တရားတော်အားဖြင့် ကိုယ်တော်၏ကျွန်သည် သတိရ၍ တရားစောင့်ခြင်းအကျိုးသည် ကြီးလှပါ၏။